# CVA အစီအစဉ်တွင် ကျားမအခြေခံသည့်အကြမ်းဖက်မှုများ (GBV) ကို အဓိကကဏ္ဍအဖြစ် ထည့်သွင်း စဉ်းစားခြင်း – မြန်မာနိုင်ငံရှိ တုန့်ပြန်ရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်နေသည့် ငွေကြေးကဏ္ဍပါဝင်သူများအတွက် အဓိကအချက်များ

## နောက်ခံအကြောင်းအရာနှင့် ချဉ်းကပ်နည်းစနစ်

ငွေသားနှင့် ဘောက်ချာအစီအစဉ် (CVA) သည် ကူညီခံရသူများအတွက် ကြံ့ကြံ့ခံနိုင်မှုနှင့် ကာကွယ် စောင့်ရှောက်ခံရမှုကို တိုးတက်စေသည့် ကြီးမားသော နည်းလမ်းတခုဖြစ်ကြောင်း သိရှိထားပြီးဖြစ်ပါ သည်။ သို့ဖြစ်သော်လည်း CVA အစီအစဉ်အရ ကျွန်ုပ်တို့ ပေးအပ်လိုက်သည့် အကူအညီများသည် အမျိုး သမီးများနှင့် ထိခိုက်လွယ်ပြည်သူများအတွက် လက်ရှိ ရင်ဆိုင်နေရသည့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို မဖန်တီးမိစေသည့် သို့မဟုတ် ပိုမဆိုးလာစေသည့် နည်းလမ်းများဖြင့် ဒီဇိုင်းရေးဆွဲ၍ ပေးအပ်နိုင်ရေးကို ဂရုပြုရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ CVA အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၅၃ သန်းကျော်ကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။[1] ယင်းအကူအညီပေးအပ်မှုသည် နည်းပညာပိုင်းနှင့် လုပ်ငန်းဆောင်ရွက်မှုပိုင်း နှစ်မျိုးလုံးတွင်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်မှု သို့မဟုတ် ကျားမအခြေခံသည့် အကြမ်းဖက်မှု (GBV)နှင့် ဆက်စပ်၍လည်းကောင်း ထူးခြားသည့်အခြေအနေများပေါ်မူတည်သည့် အလွန်ကြီးမားသော စိန်ခေါ်မှုများကြောင့် သက်ရောက်မှုရှိခဲ့ပါသည်။ လုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေအရ၊ ဒေသခံများ ကိုယ်တိုင်ချိတ်ဆက်ပါဝင်ပြီး၊ သိုသိပ်စွာဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုနိုင်ခဲ့ခြင်းကြောင့် CVA လုပ်ငန်း အများစုတို့ကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသမီးများနှင့် ဆုံးရှုံးနိုင်ခြေရှိသည့် အခြား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် သွားလာဆက်သွယ်ရေး ဆိုင်ရာ စိန်ခေါ်မှု အမျိုးမျိုးရှိနေခြင်းကြောင့် လုပ်ငန်းအများအပြားကို အဝေးမှသာ ဖုန်းဖြင့်ဆက်သွယ် လုပ်ကိုင်ခဲ့ရ သည်။

ဤသို့သော စိန်ခေါ်နေသည့်အခြေအနေများကို ဂရုပြုမိခြင်းကြောင့်၊ CVA အစီအစဉ်နှင့် ဆက်စပ်နေသည့် ကျားမအခြေခံအကြမ်းဖက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် ယင်းဆုံးရှုံးနိုင်ခြေများကို လျှော့ချ၍ ကြိုတင် ကာကွယ်နိုင်မည့် လက်တွေ့ကျသော လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ရည်ရွယ်လျက် CVA နှင့် GBV အစီအစဉ်တွင် ပါဝင်သူများအကြား ပူးတွဲဆွေးနွေးပွဲတရပ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း က ပြုလုပ်ခဲ့ပါသည်။[2] ဤမှတ်စုသည် ထိုပူးတွဲဆွေးနွေးပွဲ၏ အကျဉ်းချုပ်ဖြစ်ပြီး၊ လက်ရှိ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များ အနက်အချို့ကို မီးမောင်းထိုးပြ၍ အကြောင်းအရာပိုင်း ဆက်စပ်နိုင်ရန်အတွက် အဓိကအကြံပြုချက်များနှင့် အလားအလာရှိသော နည်းလမ်းများကို အသေးစိတ် ဖော်ပြထားပါသည်။ [3]

## 1 (၁) လက်လှမ်းမီစေခြင်း – အမျိုးသမီးများက CVA အစီအစဉ်ကို လက်လှမ်းမီ၍ အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်မှုကို တိုးတက်စေမည့် နည်းလမ်းများ

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ လှုပ်ရှားမှုကို နှောင့်နှေးစေ၍ ဈေးကွက်များနှင့် CVA ကဲ့သို့သော အကူ အညီများကို လက်လှမ်းမမီစေရန် တားဆီးထားသည့် သိသာထင်ရှားသော အခက်အခဲအတားအဆီး များစွာရှိနေပါသည်။ ထို့အပြင် အမျိုးသမီးများသည် များသောအားဖြင့် မိုဘိုင်းဖုန်းများနှင့် ဒီဂျစ်တယ်နည်း လမ်းများအားလည်း လက်လှမ်းမမီကြပါ။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဝန်ဆောင်မှု များအား လက်လှမ်းမီမှုကို ကူညီပေးရန်နှင့် တိုးတက်စေရန်အတွက် လူသားချင်းစာနာမှု အဖွဲ့ အစည်း များသည် အောက်ပါတို့ကို ဆောင်ရွက်သင့်ပါသည် –

- CVA အစီအစဉ်အရ ဖြန့်ဝေမှုများ စီစဉ်ရာတွင် (ဥပမာ – ငွေရေးကြေးရေးဝန်ဆောင်မှုအဖွဲ့များ – FSPs – ထံမှ ဝန်ဆောင်မှုများကို မည်သို့ လက်လှမ်းမီရရှိမည်နည်း) သို့မဟုတ် ရပ်ရွာအခြေပြု လုပ်ငန်းများ စီစဉ်ရာတွင် (ဥပမာ – ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲများ – FGDs)၊ ဘာသာစကား အတားအဆီးများနှင့် လုံခြုံရေးပြဿနာများအပါအဝင် လက်လှမ်းမီမှုကို ထည့်သွင်းစဉ်းစား ကြောင်း သေချာစေရပါမည်။ [4]
- အမျိုးသမီးများက ရပ်ရွာအခြေပြုတိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင်စေရေး၊ ဝန်ဆောင်မှုများအား လက်လှမ်းမီစေရေးနှင့် တိုင်ကြားခြင်းနှင့် တုန့်ပြန်ချက်ပေးခြင်းလုပ်ငန်းစဉ်များ (CFMs) အား လက်လှမ်းမီစေရေးကို ကူညီပေးရန်အတွက် ဒေသခံဝန်ထမ်းများအား အသုံးပြုမှုကို မြှင့်တင် ပေးရပါမည်။ ကွင်းဆင်းအဖွဲ့များတွင် ကျားမမျှခြေ (gender balance) တိုးတက်စေခြင်းနှင့် တိုင်ပင်ဆွေးနွေးပွဲများကို ပံ့ပိုးကူညီပေးသည့် ဝန်ထမ်းများ၏

1 အကူအညီအများစုတို့ကို စာအိတ်ထဲတွင် ငွေသားထည့်ပေးသည့်နည်းလမ်းဖြင့် ထောက်ပံ့ပေးခဲ့သည်။ စာအိတ်ထဲတွင် ငွေသားထည့်၍ ဖြန့်ဝေပေးခြင်းသည် အထူးသဖြင့် ဒီဂျစ်တယ်ပညာရေးအားနည်းသူများအတွက် ချက်ချင်းထိရောက်ပြီး၊ လက်လှမ်းမီရန် လွယ်ကူသည်။ သို့သော် တခါတရံတွင် စာအိတ်တအိတ်အတွင်း အလွန်များပြားသောငွေသားပမာဏကို ဖြန့်ဝေပေးရပြီး၊ သိုသိပ်မှုအားနည်းခြင်းကြောင့် ဤနည်းလမ်းသည် ကူညီခံရသူများအတွက် ထပ်တိုး အန္တရာယ်အလားအလာများကို ဖြစ်စေနိုင်ပါသည်။
2 ထိုပူးတွဲဆွေးနွေးပွဲသို့ မြန်မာတနိုင်ငံလုံးရှိ ဒေသအမျိုးမျိုးတွင် လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ပါသည်။
3 ဤမှတ်စုသည် WFP နှင့် UNFPA တို့က လတ်တလောဆောင်ရွက်ထားသည့် “ကချင်နှင့် ရှမ်းမြောက်ပိုင်းရှိ WFP ၏ ငွေသားအခြေခံသည့် အစီအစဉ်တွင် ကျားမတန်းတူညီမျှမှုနှင့် ကျားမအခြေခံအကြမ်းဖက်မှုတုန့်ပြန်ရေးလုပ်ငန်းများ လက်လှမ်းမီစေခြင်းနှင့် တိုးတက်စေခြင်း (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ)” သုတေသနလုပ်ငန်းမှ ရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားထားသည်။
4 အသေးစိတ်အချက်များအတွက် GBV Risk Mitigation in CVA Toolkit ၏Tool 3: Matrix for GBV Risk Analysis of CVA ကို ကြည့်ပါ။

GBV Sub-Cluster Myanmar

INTER-AGENCY CWG CASH WORKING GROUP Myanmar

တိုင်းရင်းသားဖြစ်မှုနောက်ခံ အခြေ အနေကို ထည့်သွင်းစဉ်းစားရပါမည်။ [5]

- မည်သည့်ဆန်းစစ်လေ့လာမှုတွင်မဆို (ဥပမာ – FGD သို့မဟုတ် PDM)၊ အမျိုးသမီးများ၊ မိန်း ကလေးငယ်များနှင့် အခြားသော ထိခိုက်လွယ်အုပ်စုများအားလုံး (ဥပမာ – သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ) ကိုဦးတည်သည့် မေးခွန်းများ ထည့်သွင်းပါဝင်စေရပါမည်။ အတွေ့အကြုံများ အရ ဤသို့သော မေးခွန်းများကို GBV နှင့်ဆက်စပ်မေးမြန်းသည့်တိုက်ရိုက်မေးခွန်းများထက် ယဉ်ကျေးမှုအရ ပိုမိုလက်ခံကြကြောင်း တွေ့ရှိရသည်။ [6]

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပုံမှန်စုဝေးလေ့ရှိသည့် စုဝေးရာနေရာများ/ ခိုလှုံရာ နေရာ များကို စီမံခန့်ခွဲနေသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် GBV အဖွဲ့အစည်းများအား ဆက်ဆံရေးအဖွဲ့အနေဖြင့် စဉ်းစားရပါမည်။ ဤနည်းလမ်းသည် ကူညီခံရသူများအား ဘေးကင်း သော ပတ်ဝန်းကျင်သို့ ရောက်ရှိစေပြီး၊ FGDs နှင့်အသိအမြင်ဖွင့်ဆွေးနွေးပွဲများကဲ့သို့သော လုပ်ငန်း များကို ဆောင်ရွက်ရန် ထိရောက်သော နည်းလမ်းတခုဖြစ်နိုင်ပါသည်။

- ပါဝင်သူအားလုံးက ချိတ်ဆက်ပါဝင်၍ အားလုံး၏ အမြင်နှင့် တုန့်ပြန်ချက်များကို ပိုမိုထုတ်ဖော် ပြောကြားနိုင်ရန်အတွက် FGDs များတွင် အမျိုးသမီးအရေအတွက် ပိုမိုနည်းပါးစွာ (အနည်းဆုံး ၅ ယောက်မှ အများဆုံး ၁၀ ယောက်အထိ) စုဝေးပါဝင်စေရေးကို စဉ်းစားရပါမည်။ ပိုမိုလွယ်ကူသည် ဆိုပါက၊ FGDs များ ပြုလုပ်ခြင်းထက် ရပ်ရွာအတွင်းရှိ အဓိကအမျိုးသမီးများဖြင့် အဓိက အချက် အလက်ပေးသူများအား မေးမြန်းခြင်း (KIIs) ကို ပြုလုပ်ရန် စဉ်းစားပါ။

- အမျိုးသမီးအားလုံးတို့သည် (အထူးသဖြင့် ဆုံးရှုံးနိုင်ခြေရှိသော၊ထိခိုက်လွယ်သော အမျိုးသမီး များအတွက်) မိုဘိုင်းဖုန်းများသို့မဟုတ် FSPs အဖွဲ့အချို့ကို တူညီစွာ လက်လှမ်းမီ ရရှိနိုင်သည်ဟု မယူဆပါနှင့်။ အထူးသဖြင့် ဆက်သွယ်ရောက်ရှိရန်ခက်ခဲသော ဒေသများတွင် တွေ့ဆုံမေးမြန်းမှု များနှင့် PDM များ ပြုလုပ်ရန်၊ CFM နည်းလမ်းများကို အသုံးပြုရန်နှင့် CVA ကို ဖြန့်ဝေပေးချိန်တွင် လက်ခံရယူရန်အတွက် အမျိုးသမီးများက မိုဘိုင်းဖုန်းများကို လက်လှမ်းမီအသုံးပြုနိုင်ခြင်း ရှိမရှိနှင့် ယင်းအမျိုးသမီးများ၏ ဒီဂျစ်တယ်ပညာရေးအဆင့်တို့ကို လေ့လာဆန်းစစ်ရန် မေးခွန်းများကို ထည့်သွင်းထားရပါမည်။

- အစီအစဉ်၏ အဆင့်တိုင်းတွင် တုန့်ပြန်ရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာဒီဇိုင်း ရေးဆွဲနိုင်ရန် နှင့် ကြားဝင်ဆောင်ရွက်မှုလုပ်ငန်းများကို အသေးစိတ်ပြင်ဆင်နိုင်ရန်အတွက် ဒေသတွင်းလူမှု ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာစံနှုန်းများကို အခြေခံအဖြစ်ထည့်သွင်း၍ အမျိုးသမီးများ၊ ကလေး ငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မိမဲ့/ဘမဲ့အိမ်ထောင်စုများအပါအဝင် အစုအဖွဲ့ အားလုံးမှ အကျိုးသက်ဆိုင်သူများနှင့် ကိုယ်စားပြုသူများ ပါဝင်စေရေးကို သေချာအောင်ပြုလုပ်ပါ။

- CVA အစီအစဉ်ရေးဆွဲရာတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို တိုင်းတာရန်၊ စောင့်ကြည့် စစ်ဆေးရန်နှင့် လေ့လာဆန်းစစ်ရန်အတွက် PDM ညွှန်းကိန်းများကို ထပ်တိုးထည့်သွင်းရန် စဉ်းစားပါ။ [7]

## ကောင်းမွန်သော လုပ်နည်းလုပ်ဟန်

မြို့ပြအနီးဒေသများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း (CSOs) အချို့တို့သည် ယင်းတို့၏ ရုံးနေရာများ ကို CFM အတွက် ဝင်ပေါက်တခုအဖြစ် အသုံးပြုကြသည်။ အမျိုးသမီးများသည် ရုံးချိန်အတွင်း ဝင်လာ နိုင်ပြီး၊ CSO ဝန်ထမ်းများနှင့် ပတ်သက်သည့် စိုးရိမ်မှုများကို ဆွေးနွေးနိုင်သည်။ ကူညီခံရသူများသည် မိမိတို့၏ စိုးရိမ်မှုများကို ဖုန်း သို့မဟုတ် အီးမေးလ်ဖြင့် ပြောကြားမည့်အစား လူကိုယ်တိုင်လာရောက် ဖွင့်ပြော၍ မျှဝေနိုင်ကြသဖြင့် ဤနည်းလမ်းကို ကြိုဆိုကြသည်။

အထူးသတိပြုရန် – ဆင်တူနည်းလမ်းတခုကို အသုံးပြုမည်ဆိုပါက၊ ဘေးကင်းလုံခြုံစေရေး နည်း လမ်းများ အသင့်ရှိထားရပါမည်။ ဝန်ထမ်းအားလုံးက ကျင့်ဝတ် (CoC) လက်မှတ်ရေးထိုးထားပြီး၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုကြိုတင်ကာကွယ်ရေး (PSEA) သင်တန်း၊ အခြေခံ GBV ဆိုင်ရာ လမ်း ညွှန်စည်းမျဉ်းများ၊ GBV နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လွှဲအပ်ဆောင်ရွက် နည်း အဆင့်ဆင့်၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း (PFA) တို့အတွက် လေ့ကျင့်သင်တန်းများ ရရှိထားပြီး ဖြစ်ရပါမည်။ [8]

5 ပိုမိုများပြားသော အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်းနှင့် တပြိုင်တည်းတွင် ထိုအမျိုးသမီးများအတွက် ဝန်ထုပ်ဝန်ပိုး အလွန် အကျွံဖြစ်မှုကို ရှောင်ရှားနိုင်ရန် အိမ်ထောင်စုအတွင်းရှိ အခငွေမရရှိသောလုပ်ငန်း/အိမ်ထောင်ထိန်းသိမ်းရေးတာဝန်များကိုလည်း ဂရုပြု၍ ထည့်သွင်းစဉ်းစားရပါမည်။

6 Use and adapt questions suggested in from the GBV Risk Mitigation in CVA Toolkit ၏ Tool 4: Focus Group Discussion (FGD) guide တွင် အကြံပြုထားသော မေးခွန်းများကို မွမ်းမံ၍ အသုံးပြုပါ။

7 GBV Risk Mitigation in CVA Toolkit.၏ Tool 6: PDM tool တွင် အကြံပြုထားသော မေးခွန်းများကို မွမ်းမံ၍ အသုံးပြုပါ။ နောက်ထပ် အချက်များအတွက် Additional questions for PDM included in Tool 6 ကို ရည်ညွှန်းပါသည်။

8 ရေ့တန်းလုပ်သားများအတွက် အခြေခံ GBV ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းနှင့် PSEA ဆိုင်ရာ လုပ်ငန်းခွင်အဝင် ရှင်းလင်းချက်အတိုကို GBV Risk Mitigation in CVA Toolkit ၏ Tool 9 တွင်ကြည့်ပါ။

# (၂) တာဝန်ယူမှုရှိစေခြင်း – PDM ကို အသုံးချရန်နှင့် ဆက်သွယ်ရောက်ရှိရန်ခက်ခဲသော ဒေသ များတွင် PDM နှင့် CFM တို့ကို ပိုမိုထိရောက်စွာတည်ဆောက်ရန် နည်းလမ်းများ

မြန်မာနိုင်ငံ၏ အခြေအနေတွင် ပုံမှန် CVA နည်းလမ်းများ (FGDs, သမားရိုးကျ CFMs များ၊ စောင့်ကြည့် စစ်ဆေးရေးလုပ်ငန်းများ၊ ဘေးကင်းလုံခြုံမှုကို လူကိုယ်တိုင် စစ်ဆေးခြင်း စသည်ဖြင့်) ကို အကောင် အထည်ဖော်ရန် ခက်ခဲပါသည်။ သို့ဖြစ်၍ ဖြန့်ဝေပြီးနောက်ပိုင်းစောင့်ကြည့်စစ်ဆေးခြင်း (PDM) နည်း လမ်းကိုသာ ကူညီခံရသူများ၏ တုန့်ပြန်ပြောကြားချက်များအား စုဆောင်းရယူရန်နှင့် CVA အစီအစဉ်အား စောင့်ကြည့်စစ်ဆေးရန် အဓိကဝင်ပေါက်နည်းလမ်းများအနက် တခုအဖြစ် စဉ်းစားပါသည်။ PDM နည်း လမ်းကို ပုံမှန်အားဖြင့် ဒေသခံဝန်ထမ်းများက ဖုန်းဖြင့် ပြုလုပ်ပါသည်။ PDM နှင့် CFMs နည်းလမ်းများကို ပိုမိုအရှိန်မြှင့်တင်အသုံးပြုရန်ကြိုးစားရာတွင် အောက်ပါအဓိကအချက်များကို ဂရုပြုရပါမည် –

## PDM နှင့် CFM ဆိုင်ရာ အကြံပြုချက်များ

- CVA ဖြန့်ဝေသည့် ဝန်ထမ်းများအား PSEA, GBV, ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမှုဖြစ်ရပ်များကို ဘေးကင်းလုံခြုံ၍ လျှို့ဝှက်စွာ အစီရင်ခံရာတွင် အသုံးပြုနိုင်မည့် လွှဲအပ် ဆောင် ရွက်နည်း အဆင့်ဆင့်တို့ကို လေ့ကျင့်သင်တန်းပေးထားကြောင်း သေချာစေရပါမည်။
- CFM ဆောင်ရွက်သူများကို PSEA, GBV နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အတွက် လေ့ကျင့်သင်တန်းပေးထားပြီး၊ ထိုသူတို့သည် CFM လမ်းကြောင်းဖြင့် အမှုဖြစ်ရပ်များအား လွှဲအပ် ရန်ဆောင်ရွက်နည်းအဆင့်ဆင့်တို့ကို သိရှိထားကြောင်း သေချာစေရပါမည်။
- လက်ရှိ PDM နည်းလမ်းများပေါ်တွင် အခြေခံတည်ဆောက်၍ GBVနှင့် သက်ဆိုင်သည့် မေးခွန်း များကို ထပ်ဖြည့်ရပါမည် [9]
  - ရွှေ့လျားသွားလာနိုင်မှုနှင့် CVA လက်လှမ်းမီမှုအတွက် အောက်ပါကဲ့သို့သော မေးခွန်းများ ကို ထပ်ဖြည့်ပါ –
    - “ငွေသား/ဘောက်ချာ လက်ခံရယူရာတွင် စိန်ခေါ်မှုများ တွေ့ခဲ့ရပါသလား? “ [ငွေ သား/ ဘောက်ချာအတွက် ဖြန့်ဝေသည့်နေရာသို့ သွားလာရာတွင် ဘေး အန္တရာယ် ကင်းရှင်းမှု/ လုံခြုံမှုဆိုင်ရာစိုးရိမ်မှုများ၊ ခရီးသွားချိန် ကြာမြင့်ခြင်း/ ခရီးဝေးခြင်း သို့မဟုတ် ခရီးစရိတ်မြင့်မားခြင်း၊ ဖြန့်ဝေရာတွင် ဖြန့်ဝေချိန်/ အစီအစဉ်/ကြာချိန် အဆင်မပြေခြင်းစသည်ဖြင့်]
    - “ငွေသား/ဘောက်ချာ ရရှိရန် တစုံတဦးသို့ တစုံတရာ ပေးရန် သို့မဟုတ် တစုံတခု ပြုလုပ်ပေးရန် အပြောခံခဲ့ရပါသလား?”
    - “အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ချိန်တွင် ဝန်ထမ်း၏ အပြုအမူအပေါ် ကျေနပ် မှု ရှိခဲ့ပါသလား?” ငွေသားဖြန့်ဝေမှု/ဝန်ထမ်းအပြုအမူနှင့်စပ်လျဉ်း၍ ကျေနပ်မှု မရှိခဲ့ပါက၊ ရရှိနိုင်သည့် တိုင်ကြားခြင်းနှင့် တုန့်ပြန်ချက်ပေးခြင်း နည်းလမ်း တခုခု ကို သိရှိပါသလား? ယင်းနည်းလမ်းများအား မည်သို့ အသုံးပြုရမည်ကို သိရှိ ပါသလား?”
    - CVA ကို အောင်မြင်စွာ အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် သီးသန့် မေးခွန်းများကို ထပ်ဖြည့် မေးမြန်းပါ။[10] ဥပမာ – “ငွေသား လွှဲပြောင်းပေးအပ်ရာတွင် ဘေးကင်းလုံခြုံသည်ဟု သင် ခံစားခဲ့ရပါသလား?” “သင့်တွင် လွှဲပြောင်းပေးသောငွေသားကို ထိန်းသိမ်းထားရန် ဘေး ကင်းလုံခြုံသော နေရာရှိပါသလား?” “လွှဲပြောင်းပေးသောငွေသားကို မည်သို့ အသုံးပြု မည်/ သုံးစွဲမည်နှင့် စပ်လျဉ်း၍ မည်သူက ဆုံးဖြတ်ခဲ့ပါသနည်း?” စသည်ဖြင့်။
  - ကျားမတန်းတူညီမျှမှုဆိုင်ရာ အရွေ့များအတွက် မေးမြန်းသည့် မေးခွန်းများသည် အမျိုး သမီးများအား သူတို့၏ အတွေ့အကြုံအစစ်အမှန်များကို ဖော်ပြခွင့်ပြုသည့် နည်းလမ်းများ ဖြင့် တည်ဆောက်ထားကြောင်း သေချာအောင်ပြုလုပ်ပါ။ ဥပမာ –
    - လေ့ကျင့်သင်တန်းပေးထားသော ကျားမတန်းတူညီမျှမှုဆိုင်ရာ အရာရှိများ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးဝန်ထမ်းများက မေးမြန်းရန်နှင့် အမျိုးသမီး ဝန်ထမ်းများကသာ မေးမြန်းရန် – “ငွေသား/ဘောက်ချာကြောင့် နောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သည့် တင်းမာမှုတစုံတရာ ရှိခဲ့ပါသလား?” “ရှိခဲ့သည်ဆိုပါက မည် သည့်ပြဿနာများကို တွေ့ကြုံခဲ့ရပါသနည်း?” [အိမ်နီးချင်းများနှင့်တင်းမာမှု၊ ခင်ပွန်း/အဖော်နှင့်တင်းမာမှု၊ မိသားစုဝင်နှင့် တင်းမာမှု၊ ဆွေမျိုးများက ခွဲဝေပေးရန် မေတ္တာရပ်ခံခြင်း၊ အခြား]”
  - GBV အမှုဖြစ်ရပ်များ သို့မဟုတ် ပုဂ္ဂိုလ်ရေးအတွေ့အကြုံများနှင့်စပ်လျဉ်းသည့် မေးခွန်းများ ကို မမေးပါနှင့်၊ သို့သော် GBV ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အတွေ့အကြုံများကို အထူးဦးတည်သည့် မေးခွန်းများမေးမြန်းပါ။ ဥပမာ – “ငွေသား/ဘောက်ချာ လက်ခံရယူ ချိန်တွင် သင့်အနီးအနားတွင် ရရှိနိုင်သည့် ဝန်ဆောင်မှုများ (ကျန်းမာရေး၊ GBV, ကာကွယ် စောင့် ရှောက်ရေး) နှင့်ပတ်သက်သည့် သတင်းအချက်အလက်တခုခုကို လက်ခံရရှိခဲ့ပါ သလား?”
  - CVA ဖြန့်ဝေရေး၊ ဈေးကွက်သို့ သွားလာရေး၊ ရပ်ရွာအခြေပြုလုပ်ငန်းများ (FGDs, အသိ အမြင်ဖွင့်ဆွေးနွေးပွဲများစသည်ဖြင့်) သို့ သွားရောက်ချိန်တွင် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ အမြင်များအကြောင်းကို မေးခွန်းများမေးပါ။ ထိုမေးခွန်းများတွင် “ဖြန့်ဝေရေး နေရာတွင် ငွေသား/ဘောက်ချာ လက်ခံရယူရာ၌ မည်သည့် စိန်ခေါ်မှုများ တွေ့ခဲ့ရသနည်း (ဥပမာ – ဝန်ထမ်းမလုံလောက်ခြင်း၊ စုစည်းမှု မရှိခြင်း၊ ကြိုတင် မခန့်မှန်းနိုင်မှုကြောင့် အဆင်ပြေမှုမရှိခြင်း၊ ဖြန့်ဝေရာတွင် ဖြန့်ဝေချိန်/ အစီအစဉ်/ကြာချိန် အလွန်ကြာ၍ အဆင် မပြေခြင်းစသည်ဖြင့်?” တို့ ပါဝင်နိုင်သည်။
  - ကူညီခံရသူများက CFM စနစ်အကြောင်း သိရှိခြင်း၊ ယင်းစနစ်၏ ရည်ရွယ်ချက်ကို နား လည်ခြင်း၊ ယင်းစနစ်ကို လက်လှမ်းမီအသုံးပြုနိုင်ခြင်းတို့ကို ဆန်းစစ်ရန် မေးခွန်းများ မေး ပါ။ ဥပမာ – “ငွေသား/ဘောက်ချာ ရရှိရန် တစုံတဦးသို့ တစုံတရာပေးရန် သို့မဟုတ် တစုံတခု ပြုလုပ်ပေးရန် အပြောခံခဲ့ရပါသလား?” “ငွေသား/ဘောက်ချာ လက်ခံရယူချိန် တွင် ဖြစ်ရပ်တခုကို တိုင်ကြားရန်/အစီရင်ခံရန် စိတ်ချရသော လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်

9 GBV Risk Mitigation in CVA Toolkit.၏ Tool 6: PDM tool တွင် အကြံပြုထားသော မေးခွန်းများကို မွမ်းမံ၍ အသုံးပြုပါ။ နောက်ထပ် အချက်များအတွက် Additional questions for PDM included in Tool 6 ကို ရည်ညွှန်းပါသည်။

10 ဈေးကွက်လက်လှမ်းမီခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ပိုင်ခွင့်ဆိုင်ရာပြဿနာများမှာ ကျယ်ပြန့်သည့်အတွက် PDM အတွင်းတွင် ဤပြဿနာများနှင့်ဆက်စပ်သော မေးခွန်းများ မေးထားကြောင်း သေချာအောင်ပြုလုပ်ပါ။

တခုခုကို လက်ခံရရှိခဲ့ပါသလား?”[11]

- ရှေ့တန်းဝန်ထမ်းများ သို့မဟုတ် ဒေသခံမိတ်ဖက်များက PDM မေးခွန်းများအား မည်သို့မေးမြန်း သည်ကို နားလည်စေရန် သို့မဟုတ် PDM လုပ်ငန်းစဉ်ကို အသွင်အားဖြင့် စောင့်ကြည့် စစ်ဆေး နိုင်မည့် လုပ်ငန်းစဉ်တခုဖော်ထုတ်ရန်အတွက် ကူညီခံရသူအချို့ကို ဖုန်းဆက်ခြင်းဖြင့် ထပ်မံစစ် ဆေးရပါမည်။
- အခြားအချက်အလက်များဖြင့် သရုပ်ခွဲဆန်းစစ်ရာတွင် သို့မဟုတ် တိုက်ဆိုင်စစ်ဆေးရာတွင် PDM နည်းလမ်းသည် လိင်နှင့် အသက်အရွယ်အလိုက်ခွဲခြားထားသော အချက်အလက်များကို စုဆောင်း ထားကြောင်း သေချာအောင်ပြုလုပ်ရပါမည်။ ဥပမာ – “CVA ဖြန့်ဝေသည့်နေရာသို့ သွား ရောက် သည့် လမ်းကြောင်းသည် ဘေးအန္တရာယ် ကင်းရှင်းခဲ့ပါသလား” ဟုမေးမြန်းရာတွင် အမျိုးသမီးများ၏ ဖြေဆိုချက်နှင့် အမျိုးသားများ၏ ဖြေဆိုချက်တို့ကို သီးခြားစီ သရုပ်ခွဲဆန်းစစ်ထားကြောင်း သေချာအောင်ပြုလုပ်ရန် လိုအပ်ပါသည်။
- PDM ကို CFM နည်းလမ်းအား တက်ကြွစွာ မြှင့်တင်ရန် သို့မဟုတ် အနည်းဆုံးအားဖြင့် တိုင်ကြားမှု နှင့် တုန့်ပြန်မှုပေးခြင်းအတွက် ဆက်သွယ်ရန်နေရာအဖြစ် မြှင့်တင်ရန် အသုံးပြုရပါမည်။
- ကူညီခံရသူများက မိမိတို့၏ တိုင်ကြားချက်များနှင့် တုန့်ပြန်ချက်များကို မျှဝေရာတွင် သက် တောင့်သက်သာရှိစေရေးအတွက် CFM ဆောင်ရွက်သူများသည် အမျိုးမျိုးသော ဒေသခံဘာသာ စကားများကို ကျွမ်းကျင်ကြရပါမည်။
- ဖြစ်နိုင်သည့်နေရာတိုင်းတွင် ဖုန်းဖြင့် ဆောင်ရွက်သည့် PDM ကို (နမူနာအအရေအတွက်နည်း နေလျှင်ပင်) လူချင်းတွေ့ဆုံသည့် PDM ဖြင့် အားဖြည့်ဆောင်ရွက်ရပါမည်။

## ကောင်းမွန်သော လုပ်နည်းလုပ်ဟန်

ရန်ကုန်မြို့ပြအနီးဒေသတခုတွင် အစီအစဉ်တခုအတွက် PDM လေ့လာဆန်းစစ်မှု ဆောင်ရွက်စဉ် အတွင်းတွင်၊ UNICEF အဖွဲ့များက မိခင်နှင့် ကလေးအတွက် ငွေသားလွှဲပြောင်းမှုအစီအစဉ် (MCCT)၏ ထိရောက်အကျိုးရှိမှုကို အကဲဖြတ်ရန်နှင့် တချိန်တည်းတွင် ငွေသားအားအသုံးပြုမှုအပေါ် အမြင်များ နှင့် ယင်းအစီအစဉ်ကြောင့် အပြုအမူပိုင်းပြောင်းလဲမှုများအတွက် အထောက်အထားများကို စုဆောင်း ရန် ဆုံးဖြတ်ခဲ့သည်။ ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲများ (FGDs)သည် ဤ PDM လုပ်ငန်းအတွက် အသုံးပြုခဲ့သော နည်းလမ်းများအနက် တခုဖြစ်ပါသည်။ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုဆိုသည်မှာ မေးခွန်း မေးမြန်းသူများက ရပ်ရွာအတွင်းသို့ မသွားရောက်နိုင်ခြင်းကို ဆိုလိုခြင်းကြောင့်၊ ရွေးချယ်ထားသော နမူနာအုပ်စုကို ရုံးခန်းသို့ ဖိတ်ကြားခဲ့ပြီး၊ ထိုရုံးခန်းတွင် PDM ကို သိုသိပ်စွာ ပြုလုပ်ခဲ့သည်။ ဤရွေးချယ်မှုကြောင့် သက်ဆိုင်သည့် အုပ်စုများကို ဘေးကင်းလုံခြုံ၍ ထိရောက်အကျိုးရှိသော နည်းလမ်းသို့ ရောက်ရှိစေနိုင်ခဲ့သည်။

## 3 (၃) အားလုံးပါဝင်စေခြင်း – ပိုမိုထိရောက်၍ ဘေးကင်းလုံခြုံသော ကြားဝင်ဆောင်ရွက်မှု လုပ်ငန်း များတွင် အစုဖွဲ့ကဏ္ဍအားလုံးကို ပါဝင်စေမည့် နည်းလမ်း

မြန်မာနိုင်ငံရှိ CVA ကြားဝင်ဆောင်ရွက်မှုလုပ်ငန်းသည် နိုင်ငံအဆင့် NGOs သို့မဟုတ် CSOs များဖြင့် ဒေသ အလိုက်တုန့်ပြန်ဆောင်ရွက်မှုတခုဖြစ်သည်။ ဤနည်းလမ်းသည် အသုံးဝင်သော အခွင့်အလမ်းများကို သယ်ဆောင်ပေးပြီး၊ တချိန်တည်းတွင် “မည်သူ့ကိုမျှ မထိခိုက်စေရေး” စည်းမျဉ်းများဖြင့်ဆောင်ရွက်ရေးနှင့် ကူညီခံရသူများသို့ သင့်တော်သော တာဝန်ခံမှုရှိစေရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်း များကို ထပ်မံ လုပ်ဆောင်ရန် ကျန်ရှိနေပါသည်။

- CSOs များ၊ ကွင်းဆင်းအဖွဲ့များ၊ FSPs ကိုယ်စားလှယ်များအတွက် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် ခြင်းနှင့် အလွဲသုံးခြင်း(SEA)၊ ကျားမ တန်းတူညီမျှမှုနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ စည်းမျဉ်းများအကြောင်းကို အချိန်အပိုင်းအခြားအလိုက် စွမ်းဆောင်ရည်တည်ဆောက်ရေး အစီ အစဉ်များ စီစဉ်၍ ဆောင်ရွက်ရပါမည်။ ဤနည်းလမ်းမှာ သက်ဆိုင်သည့် ထိခိုက်လွယ် အုပ်စုများ နှင့် လူနည်းစုများအားလုံး ပါဝင်စေရေးကိုလည်းကောင်း၊ လေးစားမှုနှင့် မခွဲခြားမှုကိုလည်းကောင်း တိုးတက်စေ၍ မြှင့်တင်ပေးရန်ဖြစ်သည်။[12]
- ကျင့်ဝတ် (Code of Conduct)[13] ကို ဘာသာပြန်ဆိုထားပြီး၊ ရှေ့တန်းဝန်ထမ်းများက နားလည် သဘောပေါက်၍ လက်မှတ်ရေးထိုးထားကြောင်း သေချာအောင်လုပ်ပါ။ မွမ်းမံဆွေးနွေးပွဲများကို ပုံမှန်ပြုလုပ်သင့်သည်၊ အထူးသဖြင့် ဝန်ထမ်းများပြောင်းလဲချိန်တွင် ပြုလုပ်သင့်သည်။
- CSOs များသည် PDM နှင့် CFM တို့ကို ပေါင်းစပ်ဆောင်ရွက်လိုကြပြီး၊ အချက်အလက်များကို မိုဘိုင်းဖုန်းဖြင့် စုဆောင်းလိုကြသည်။ မည်သူ့ကိုမျှမထိခိုက်စေခြင်း (Do No Harm) နည်းလမ်းကို လိုက်နာသော မေးခွန်းများနှင့် ဆက်သွယ်ပြန်ကြားရေးနည်းလမ်းများ ဖော်ထုတ်ခြင်းကဲ့သို့သော နည်းပညာအကူအညီများကို ထောက်ပံ့ပေးရပါမည်။
- ကြားဝင်ဆောင်ရွက်ရေးလုပ်ငန်းများ၏ ပထမဆုံးအဆင့်များမှစ၍ ရပ်ရွာအစုအဖွဲ့များ၏ သဘော တူညီမှု၊ အသိအမြင်ပွင့်မှုနှင့် ထောက်ပံ့မှု မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတွင်းနေရပ် စွန့်ခွာရသူများ(IDPs) စခန်း စီမံခန့်ခွဲရေးကော်မတီ၊ အမျိုးသားများ၊ ဘာသာရေးခေါင်းဆောင်များ၊ သက်ဆိုင် သည့် အကျိုးသက်ဆိုင်သူများ (မသန်စွမ်းသူအဖွဲ့အစည်းများ၊ အမျိုးသမီးအုပ်စုများ၊ လူငယ်အုပ်စု များ စသည်ဖြင့်) ပါဝင်စေရပါမည်။
- ကြားဝင်ဆောင်ရွက်ရေးလုပ်ငန်းတွင် ဖြန့်ကြက်ရောက်ရှိသည့်

11 လိုအပ်ပါက ရပ်ရွာနှင့်အချက်အလက်များ ပိုမိုမျှဝေရန် စီစဉ်ခြင်းနှင့် ရွေးချယ်ထားသော ဝင်ပေါက်အမှတ်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် လက်ခံရရှိထားသော တုန့်ပြန်ပြောကြားချက်အပေါ် အရေးယူဆောင်ရွက်ကြောင်း သေချာအောင်ပြုလုပ်ပါ။
12 ရှေ့တန်းလုပ်သားများအတွက် အခြေခံ GBV ဆိုးရွားနိုင်ခြေလျှော့ချခြင်းနှင့် PSEA ဆိုင်ရာ လုပ်ငန်းခွင်အဝင် ရှင်းလင်းချက်အတိုကို GBV Risk Mitigation in CVA Toolkit ၏ Tool 9 တွင်ကြည့်ပါ။
13 ကျင့်ဝတ် (Code of Conduct) အတွက် အသင့်သုံးပုံစံကို GBV Risk Mitigation in CVA Toolkit.၏ Tool 5 တွင် ကြည့်ပါ။

အဖွဲ့များနှင့် ဒေသခံအစု အဖွဲ့များတွင် လူမှုအုပ်စုအမျိုးမျိုး ပါဝင်မှု၊ ပူးပေါင်းပါဝင်မှုအဆင့်များနှင့် ပူးပေါင်းပါဝင်သူများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ ခံစားချက်များကို တိုင်းတာရန်အတွက် ထပ်တိုးညွှန်းကိန်းများကို ဖော် ထုတ်ရပါမည် (ဥပမာ – ယခင်လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက လိင်နှင့်အသက်အလိုက် ခွဲခြား ထား သော ပူးပေါင်းပါဝင်မှုအဆင့် %၊ အဖွဲ့တွင်းတွင် ကျားမ မျှခြေ %၊ မတူညီသော ဒေသခံ အစုအဖွဲ့ များနှင့်ဘာသာစကားတို့ကို ကိုယ်စားပြုနေသည့် ဒေသခံအဖွဲ့ဝင်တိုးတက်လာမှု % စသည်ဖြင့်)။

## ကောင်းမွန်သော လုပ်နည်းလုပ်ဟန်

CARE အဖွဲ့သည် အမျိုးသမီးများ၏ လက်လှမ်းမီမှုနှင့်ငွေစာရင်းဆိုင်ရာ GBV အမှုဖြစ်ရပ်များကို ပိုမို ကူညီမှတ်တမ်းတင်နိုင်ရန်အတွက် CVA အစီအစဉ်၏ အဆင့်တိုင်းတွင် GBV လျှော့ချရေးနည်းလမ်း များကို ထည့်သွင်းခဲ့သည်။ CARE အဖွဲ့သည် အမျိုးသမီးများအပါအဝင် မတူညီသော အစုအဖွဲ့များ၏ အရေးအကြီးဆုံးသော လိုအပ်ချက်အမျိုးမျိုးတို့ကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် ဤမှတ်စုတွင် ဖော်ပြထားသည့်လုပ်ငန်းများအပြင် “ထိရှလွယ်သော ကဏ္ဍစုံ လိုအပ်ချက်များကို အလျင်အမြန် ဆန်း စစ်ခြင်း (Sensitive Multi-sector Rapid Needs Assessment) နည်းလမ်းတခုကို ဆောင်ရွက်ခဲ့ သည်။ ဤနည်းလမ်းအရ၊ အမျိုးသမီးများ၏ဈေးကွက်လက်လှမ်းမီမှုနှင့် ငွေကို ဈေးကွက်အတွင်းတွင် မည်သို့အသုံးပြုမည်နည်းဟူသော ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ပိုင်ခွင့်ကို ပုံမှန်အားဖြင့် မည်သူက ပိုင်ဆိုင်ထားသည်ဟူသော အချက်ကို အကဲဖြတ်ရန်အတွက် ကျားမအခြေခံသည့် ဈေးကွက်အလျင် အမြန် ဆန်းစစ်ခြင်း “Gender Sensitive Rapid Market Analysis” လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

CARE အဖွဲ့သည် ဤနည်းလမ်းများကို Cash & Voucher Assistance and GBV Compendium: Practical Guidance for Humanitarian Practitioners (2019) နှင့် GBV Risk Mitigation in CVA Toolkit.တို့မှ ရယူမွမ်းမံ၍ အသုံးပြုခဲ့ခြင်းဖြစ်သည်။

### အထူးသတိပြုရန်

- အချို့သော (ရှားပါးသည့်) ဖြစ်ရပ်များတွင်၊ CVA သည် အနီးကပ်မိတ်ဖက်များအကြား ဝိရောဓိဖြစ်မှု (IPV) ကို ဖန်တီးစေ/ပိုဆိုးစေသည်။ ဤသို့သော ဆုံးရှုံးနိုင်ခြေအနိမ့်ဆုံးဖြစ်စေရေးအတွက်၊ အစု အဖွဲ့များတွင် GBV အသိအမြင်တိုးတက်စေပြီး၊ လွှဲအပ်ဆောင်ရွက်နည်းအဆင့်ဆင့်နှင့် ချိတ် ဆက် နိုင်မည့် (GBV သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ) အထူးပြုဝန်ဆောင်မှုများနှင့် ဆက်ဆံ ဆောင်ရွက်ရပါမည်။ [14]
- ခွဲခြားသိနိုင်သော ပုဂ္ဂိုလ်ရေးအချက်အလက်များကို စုဆောင်းချိန်နှင့် ယင်းတို့အား FSPs အပါအဝင် သက်ဆိုင်ရာအဖွဲ့များသို့ မျှဝေချိန်တွင် သတိပြုပါ။ အချက်အလက်ထိန်းသိမ်းရေးစံချိန်စံညွှန်းများ အသင့်ရှိနေပြီး၊ ဒေသခံမိတ်ဖက်များကို အပြည့်အဝလေ့ကျင့်သင်တန်းပေးထားရပါမည်။ ရပ်ရွာအစု အဖွဲ့များနှင့် ကူညီခံရသူများသည် ဤအချက်အလက်များအား မည်သို့ အသုံးပြုနေသည်နှင့် မည်သူတို့က ရယူအသုံးပြုနေသည်ကို အပြည့်အဝသိရှိထားသင့်ပါသည်။

**GBV တုန့်ပြန်လုပ်ငန်းဝန်ဆောင်မှုများအတွက် အချက်အလက်များကို ထပ်မံသိရှိလိုပါက အောက်ပါ လိပ်စာများသို့ ဆက်သွယ်နိုင်ပါသည် –**

National GBV SC: kgirmay@unfpa.org နှင့် eishweyi.win@careint.org

Kachin GBV WG: komuhangi@unfpa.org

Rakhine GBV WG: basit@unfpa.org နှင့် cnaing@unfpa.org

14 GBV အမှုဖြစ်ရပ်တခုကို မည်သို့ ဘေးကင်းလုံခြုံစွာ လွှဲအပ်ရမည်ဟူသော အချက်အလက်များမှာ ရှေ့တန်းလုပ်သားများအတွက် အခြေခံ GBV ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းနှင့် PSEA ဆိုင်ရာ လုပ်ငန်းခွင်အဝင် ရှင်းလင်းချက်အတို၏ အစိတ်အပိုင်းတခုဖြစ်ပြီး၊ GBV Risk Mitigation in CVA Toolkit ၏ Tool 9 တွင်ပါဝင်သည်။